


VOLUME IV, ISSUE 20

1 November 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတာ်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် | ၇ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၁ |
| ၄ | မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုသူများအနက် ဦးရေ ၁ သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ် | ၁၃ |
| ၅ | ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန တို့အကြား(၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ | ၁၅ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ | ၁၆ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ | ၁၇ |
| ၈ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားတက်ရောက် | ၁၈ |
| ၉ | မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၉ |
| ၁၀ | တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် စတင်ထွက်ခွာ | ၂၀ |
| ၁၁ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၂၂ |
| ၁၂ | ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ် | ၂၂ |
| ၁၃ | မြစ်ကြီးနား-ဗန်းမော် ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန်လုံခြုံရေးစခန်းအား KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက် | ၂၃ |
| ၁၄ | ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် CNF၊ CDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော် စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ် | ၂၅ |
| ၁၅ | TNLA အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နမ့်ခမ်းမြို့၊ သာယာကုန်းရပ်ကွက်မှ ကလေးငယ် ၂ ဦး သေဆုံးပြီး ၁ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိ | ၃၂ |
| ၁၆ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၃၂ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ ဆုရရှိကြသည့်ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်အတူ မျိုးဆက်သစ်လူငယ်မောင်မယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလာကြစေရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မြှင့်တင်လိုသည့်ဇာတိမာန်နှင့် မျိုးချစ်စိတ်များ အစဉ်ထာဝရ ရှင်သန်နိုးကြားထက်မြက်နေစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၁၆ ခုနှစ်အထိ (၂၂) ကြိမ်တိုင် ကျင်းပခဲ့ကြောင်း။
- ငါးနှစ်ကျော်ကာလရပ်တန့်ခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် ပြန်လည်စတင်ကျင်း




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မဟာသေနာပတိ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်ကိုယ်စားပြုဇာတ်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်နေမှု**

ပခဲ့ပြီး ယခုနှစ်ဆိုပါက (၂၄)ကြိမ်အဖြစ် အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

- (၂၃)ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးသွားခဲ့သည့် ပြိုင်ပွဲကြီးတွင် ဗဟိုအဆင့်ပြိုင်ပွဲဝင်အင်အား ၁၈၃၈ ဦး ရှိခဲ့ပြီး ယခုနှစ် (၂၄)ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက် ယခင်နှစ်ကထက် ၄၆၈ ဦး ပိုမိုပါဝင် လာသည်ကိုတွေ့ရသဖြင့် ဝမ်းသာအားရဖြစ်မိပါကြောင်း။

- ပြိုင်ပွဲဝင်ဘာသာရပ်များအနေဖြင့် အဆိုပြိုင်ပွဲတွင် အမျိုးအစား(၃)မျိုး၊ အကပြိုင်ပွဲတွင်အမျိုးအစား(၈)မျိုး၊ အရေးပြိုင်ပွဲတွင်အမျိုးအစား (၄)မျိုး၊ အတီးပြိုင်ပွဲတွင် အမျိုးအစား(၁၃)မျိုး၊ စုစုပေါင်းပြိုင်ပွဲအမျိုးအစား(၂၈)မျိုးကို ကျင်းပပေးခဲ့ကြောင်း။

- အဆိုပါ ပြိုင်ပွဲများတွင် ဝါသနာရှင်(ပထမတန်း) အဆင့်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ(အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ် အတွင်း) အဆင့်၊ အခြေခံပညာ (အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့်ဆိုပြီး အဆင့် (၅)ဆင့် သတ်မှတ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

- ပြိုင်ပွဲတွင် ရွှေတံဆိပ် (၁၇၁)ဦး၊ ငွေတံဆိပ် (၁၅၆)ဦး၊ ကြေးတံဆိပ် (၁၅၆)ဦး၊ နှစ်သိမ့်ဆုနှင့် အထူးဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

- ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

- အခြားတစ်ဖက်မှလည်း နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြမည့် လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာ မျိုးဆက်သစ်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

- မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ ဆက်လက်ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများတွင် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပြီး အမျိုးသားရေးကိုယ်ခံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မဟာဂီတအဆိုပြိုင်ပွဲဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်း(အမျိုးသမီး)ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်နေမှု**

စွမ်းအားများ မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာ အကအဖွဲ့များကိုလည်းကောင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ယဉ်ကျေးမှုအကအဖွဲ့များကိုလည်းကောင်း၊ မဟော်သဓာဇာတ်တော်ကြီးပြိုင်ပွဲတွင် ဆုရရှိသည့်အဖွဲ့နှင့် ဇာတ်သရုပ်ဆောင်ထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မဟာဂီတအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမတန်းနှင့် ဒုတိယတန်း (အမျိုးသမီး) ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကိုလည်းကောင်း ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်ပြောအဖွဲ့ထူးချွန်ဆု၊ ဇာတ်ပို့ဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအဆင့် (၅)ဆင့်တွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုတံဆိပ် နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြပါသည်။ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အတီးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသက်အကြီးဆုံး၊ အသက်အငယ်ဆုံးနှင့် မသန်စွမ်းပြိုင်ပွဲဝင် ၈ ဦးကို အထူးဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက ၊ အရေး၊ အတီး ပြိုင်ပွဲ တွင် ရန်ကုန်တိုင်းဒေသကြီးမှ (၁၄၃) ဆု၊ မန္တလေးတိုင်းဒေသကြီးမှ (၈၁) ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ (၅၆) ဆု၊ ကရင်ပြည်နယ်မှ (၃၁) ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ (၃၂) ဆု၊ ပဲခူးတိုင်းဒေသကြီးမှ (၄၀) ဆု၊ မွန်ပြည်နယ်မှ (၃၂) ဆု၊ ရခိုင်ပြည်နယ်မှ (၁၇) ဆု၊ တနင်္သာရီတိုင်းဒေသကြီးမှ (၁၉) ဆု၊ ကချင်ပြည်နယ်မှ (၁၉) ဆု၊ ကယားပြည်နယ်မှ (၁၆) ဆု၊ ရှမ်းပြည်နယ်မှ (၁၅) ဆု၊ ချင်းပြည်နယ်မှ (၁၄) ဆုနှင့် မကွေး တိုင်းဒေသကြီးမှ (၁၆) ဆုရရှိခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက ပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်နေမှု

- ငါးနှစ်ကျော်ကာလရပ်တန့်ခဲ့ရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ၂၀၂၂ ခုနှစ်တွင် (၂၃) ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် ပြန်လည်စတင်ကျင်းပခဲ့ပြီး ယခုနှစ်ဆိုပါက (၂၄)ကြိမ်အဖြစ် အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်။

- (၂၃)ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးသွားခဲ့သည့် ပြိုင်ပွဲကြီးတွင် ဗဟိုအဆင့်ပြိုင်ပွဲဝင်အင်အား ၁၈၃၈ ဦး ရှိခဲ့ပြီး ယခုနှစ် (၂၄)ကြိမ်မြောက် ဗဟိုအဆင့်တွင် ပြိုင်ပွဲဝင်အင်အား ၂၃၀၆ ဦးရှိသည့်အတွက် ယခင်နှစ်ကထက် ၄၆၈ ဦး ပိုမိုပါဝင်လာ။

- ပြိုင်ပွဲဝင်ဘာသာရပ်များအနေဖြင့် အဆိုပြိုင်ပွဲတွင် အမျိုးအစား(၃)မျိုး၊ အကပြိုင်ပွဲတွင်အမျိုးအစား(၈)မျိုး၊ အရေးပြိုင်ပွဲတွင်အမျိုးအစား (၄)မျိုး၊ အတီးပြိုင်ပွဲတွင် အမျိုးအစား(၁၃)မျိုး၊ စုစုပေါင်းပြိုင်ပွဲအမျိုးအစား(၂၈)မျိုးကို ကျင်းပပေးခဲ့။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အနာဂတ်နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်သွေးစည်းမှု၊ နိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာ မျိုးဆက်သစ်များဖြစ်လာစေရန်လည်း ပြုစုပျိုးထောင်ပေးလျက်ရှိ။

## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ









# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်






(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို အောက်တိုဘာလ ၃၁ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင်-

- (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောက်တိုဘာလ ၂၄ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။
- မိမိတို့တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ရိုးရာဓလေ့ထုံးစံနှင့် အနုသုခုမအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝလှကြောင်း။
- မိမိတို့နိုင်ငံ၏သမိုင်းဖြစ်စဉ်အရ ဒီမြေ၊ ဒီရေပေါ်တွင် လူသားမျိုးနွယ်စတင်ခဲ့ခြင်းနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရုပ်ကြွင်းအထောက်အထားများ၊ လက်မှုအဆင်တန်ဆာများ၊ အဝတ်အထည်များ၊ အနုသုခုမဆိုင်ရာအဆိုအကများ၊ တီးခတ်မှုနှင့်သက်ဆိုင်သည့် တူရိယာပစ္စည်းမျိုးစုံသည် ဆင့်ကဲဖြစ်စဉ်များနှင့်အတူ ဖြစ်ထွန်းတည်ရှိနေခဲ့ပြီးဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်နေမှု**

- ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း ပိုင်ဆိုင်ထားကြပြီးဖြစ်ကြောင်း။

- မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ဆိုသည်မှာ မြန်မာတစ်မျိုးသားလုံး ပိုင်ဆိုင်သည့် အဖိုးတန်ရတနာ ဘိုးဘွားအမွေအနှစ်၊ ဘိုးဘွားအမွေအစစ်များပင်ဖြစ်သောကြောင့် အဆိုပါအဖိုးတန်ရတနာများကို သမိုင်းကြောင်းရှည်လျားစွာ တည်ရှိခဲ့သည့် အမျိုးသားရေးသွင်ပြင်လက္ခဏာအဖြစ် နိုင်ငံသားတိုင်းက ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်ကြကြောင်း။

- ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ ရုပ်ရှင်၊ ဗီဒီယို၊ အသံသွင်း စသည်တို့သည် မကြိုက်မချင်း ပြန်လည်ဆောင်ရွက်၍ရသော်လည်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲသည် အရုပ်၊ အသံလှုပ်ရှားမှုကို တိုက်ရိုက်ပြသဆောင်ရွက်ရခြင်းဖြစ်သဖြင့် လုံးဝအမှားမခံကြောင်း။

- မှားယွင်းသည်နှင့် ဆုတံဆိပ်ရရှိရန် အခက်အခဲရှိသွားနိုင်သဖြင့် ပိုမိုလေးနက်မှုရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် ပြိုင်ပွဲဝင်အားလုံးကို အနုသုခုမပညာမြင့်မားရေးအားကြိုးမာန်တက် ယှဉ်ပြိုင်မှုများအတွက် အထူးပင်အသိအမှတ်ပြုပါကြောင်း။

- ယနေ့အချိန်ကာလတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အနောက်နိုင်ငံများအပါအဝင် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မိမိတို့နိုင်ငံငယ်များအပေါ် ထိုးဖောက်ဝင်ရောက်လာနေပါကြောင်း။

- မိမိတို့နိုင်ငံသူနိုင်ငံသားများ၊ လူငယ်များအနေဖြင့် အဆိုပါ တိုင်းတစ်ပါးယဉ်ကျေးမှုများအပေါ်တွင် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုအလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေးစိတ်ဓာတ် လျော့ပါးလာစေနိုင်မည်ဖြစ်ကြောင်း။

- သမ္မာရင့်၊ ဝါရင့်ပညာရှင်ကြီးများအပြင် မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ယခုပြိုင်ပွဲကြီးမှ ရရှိသည့်အောင်မြင်မှုများနှင့်အတူ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အတူတကွ ပြိုင်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရေး၊ မိမိယဉ်ကျေးမှု မိမိဓလေ့ထုံးစံမှသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ နိုင်ငံသားများအပေါ် ချစ်ခင်မြတ်နိုးစိတ်များကို




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်နေမှု**

လက်ဆင့်ကမ်းသယ်ဆောင်သွားကြရေးအတွက် ဆက်လက်ပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု အလေးအနက်ထားပန်ကြားလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြရာ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြပါသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **မိမိတို့နိုင်ငံ၏သမိုင်းဖြစ်စဉ်အရ ဒီမြေ၊ ဒီရေပေါ်တွင် လူသားမျိုးနွယ်စတင်ခဲ့ခြင်းနှင့်အတူ ရေမြေဒေသသဘာဝကိုလိုက်ပြီး မတူခြားနားသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရုပ်ကြွင်းအထောက်အထားများ၊ လက်မှုအဆင်တန်ဆာများ၊ အဝတ်အထည်များ၊ အနုသုခုမဆိုင်ရာအဆိုအကများ၊ တီးခတ်မှုနှင့်သက်ဆိုင်သည့် တူရိယာပစ္စည်းမျိုးစုံသည် ဆင့်ကဲဖြစ်စဉ်များနှင့်အတူ ဖြစ်ထွန်းတည်ရှိနေခဲ့ပြီးဖြစ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အုပ်ချုပ်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးနေမှု

- မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်ဆိုသည်မှာ မြန်မာတစ်မျိုးသားလုံးပိုင်ဆိုင်သည့် အဖိုးတန်ရတနာ ဘိုးဘွားအမွေအနှစ်၊ ဘိုးဘွားအမွေအစစ်များပင်ဖြစ်သောကြောင့် အဆိုပါ အဖိုးတန်ရတနာများကို သမိုင်းကြောင်း ရှည်လျားစွာ တည်ရှိခဲ့သည့် အမျိုးသားရေးသွင်ပြင်လက္ခဏာအဖြစ် နိုင်ငံသားတိုင်းက ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်။
- မိမိတို့နိုင်ငံသူနိုင်ငံသားများ၊ လူငယ်များအနေဖြင့် တိုင်းတစ်ပါးယဉ်ကျေးမှုများအပေါ်တွင် နှစ်သက်မြတ်နိုးပြီး မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးမထားဘဲ ပစ်ပယ်လာကြမည်ဆိုပါက အမျိုးသားရေး စိတ်ဓာတ်လျော့ပါးလာစေနိုင်မည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး H.E. Mr. Wang Xiaohong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၃၁ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံရာတွင်-

- မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင် ဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အခြေအနေများ။
- မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ။
- မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသတွင် MNDAA သောင်းကျန်းသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ လုံခြုံရေးစခန်းများအား တိုက်ခိုက်မှုများ ဆောင်ရွက်လာသည့်အခြေအနေများ။
- လောက်ကိုင်ဒေသတွင် ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းလောင်းကစားများ၊ ဆက်သွယ်ရေးလိမ်လည်မှုများ၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့်ရောင်းဝယ်မှုများ ဆောင်ရွက်နေမှုများအား နှစ်နိုင်ငံပူးပေါင်း၍ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည့်အခြေအနေများ။
- မြန်မာ့နိုင်ငံရေးအပါအဝင် အခြားကမ္ဘာ့နိုင်ငံအရေးများ၌ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်ခုမှ ဝင်ရောက်စွက်ဖက်၍ ၎င်းတို့နိုင်ငံ၏အကျိုးအတွက်သာကြည့်ပြီး အခြားနိုင်ငံများအပေါ် Double Standard ဖြင့် ချယ်လှယ်ဆောင်ရွက်နေမှုအခြေအနေများ။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရဓာတ်ပုံရိုက်ကူးနေမှု**

- နှစ်နိုင်ငံပူးတွဲ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး တို့တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H. E. Mr. Chen Hai နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများနှင့် နှစ်နိုင်ငံပူးတွဲ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုသူများအနက် ဦးရေ ၁ သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်



ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ်လ ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိပါသည်။

စတင်ဖွင့်လှစ်ပေးသည့်နေ့မှစ၍ အောက်တိုဘာလ ၃၁ ရက်အထိ ဘုရားဖူးလာသူ ပြည်သူတစ်သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးကျော်ဝဏ္ဏသည် ဦးရေ ၁ သန်းပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ပါသည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၁ သန်းမြောက် ဘုရားဖူးပြည်သူ ဦးကျော်ဝဏ္ဏအား ဥဏ်တော် ၉ လက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦများဆိုင်ရာ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ Creamy Paper ဖြင့် ရိုက်နှိပ်ထား၍ ပါဠိ၊ ရိုမန်အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း ၄ဝ အုပ်တစ်စုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုပေးအပ်ခဲ့ပါသည်။ အဆိုပါ ပိဋကတ်ပါဠိတော်ကျမ်းကို ဦးကျော်ဝဏ္ဏနှင့်ဇနီး ဒေါ်နွယ်နီဝင်း မိသားစုအမည်ဖြင့် ကမ္ဗည်းရေးထိုးထားကာ လှူဒါန်းလိုသော ဘုန်းတော်ကြီးကျောင်းသို့ ကိုယ်တိုင်လှူဒါန်းနိုင်ရန် တစ်ပါတည်းစီစဉ်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂ဝ၂၃)**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိမှု



ဘုရားဖူးလာပြည်သူများအနက် ၁ သန်း ပြည့်မြောက်သည့် ကံထူးရှင် ဦးကျော်ဝဏ္ဏနှင့် မိသားစုဝင်များကို ဂုဏ်ပြုပေးအပ်သည့် ဓမ္မလက်ဆောင်များနှင့်အတူ တွေ့ရှိရမှု

- ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိ။
- ဦးရေ ၁ သန်းမြောက် ဘုရားဖူးပြည်သူအား ဉာဏ်တော် ၉ လက်မအမြင့်ရှိသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မှန်ပေါင်သွင်းဓာတ်ပုံတစ်ပုံ၊ သမိုင်းကြောင်းပါဝင်သည့် CD တစ်ချပ်နှင့် ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုးတို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း ၄၀ အုပ်တစ်စုံ တို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုပေးအပ်ခဲ့။

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာနတို့ အကြား(၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား (၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာလ ၃၀ ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင်-

- နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ်အသုံးပြု လိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ ငွေကြေးခဝါချမှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့သောနိုင်ငံ ဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ စီမံကိန်းကြီးများလုံခြုံရေး၊ တရုတ်နိုင်ငံသားတရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊ နယ်မြေချင်းထိစပ်နေသော တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများအကြား ဆက်သွယ်ဆက်ဆံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်နိုင်ရန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များ ပူးတွဲရေးဆွဲရေး၊ နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာန နှစ်ရပ်အကြား အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများအား တားဆီးနှိမ်နင်းနိုင်ရန် ဆက်သွယ်ဆက်ဆံရေးစနစ် တစ်ရပ်ထားရှိရေးတို့ကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးခဲ့။
- ဝန်ကြီးအဆင့်အစည်းအဝေးအပြီးတွင် ညှိနှိုင်းဆွေးနွေးခဲ့သည့်အချက်များအား ထိရောက်အကျိုးရှိစွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အစည်းအဝေးမှတ်တမ်းအား နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုးခဲ့။

အစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်၍ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး Mr.Wang Xiaohong ဦးဆောင်သည့် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ စုစုပေါင်း ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၁၀-၂၀၂၃)**

- ပြည်ထဲရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနတို့အကြား (၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတွင် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ဆက်သွယ်ရေးစနစ်အသုံးပြုလိမ်လည်မှု၊ ဆိုက်ဘာရာဇဝတ်မှု၊ ငွေကြေးခဝါချမှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ မူးယစ်ဆေးဝါးမှုနှင့် လူကုန်ကူးမှုကဲ့သို့ နိုင်ငံဖြတ်ကျော်မှုခင်းများအား ပူးပေါင်းတိုက်ဖျက်ရေး၊ စီမံကိန်းကြီးများလုံခြုံရေး၊ တရုတ်နိုင်ငံသားတရားခံပြေးများ ဖမ်းဆီးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းကူညီ ဆောင်ရွက်ပေးရေးဆိုင်ရာကိစ္စများအား ရင်းနှီးစွာညှိနှိုင်းဆွေးနွေးခဲ့။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ




လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဝမ်ရှောင်ဟုန် (Mr. Wang Xiaohong) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၃၁ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံနယ်နိမိတ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် နှစ်နိုင်ငံပြည်သူများ အဆင်ပြေအေးချမ်းစွာဖြင့် အပြန်အလှန် ကူးလူးဆက်သွယ်သွားလာနေထိုင်လုပ်ကိုင်နိုင်ရေး၊ တရုတ်-မြန်မာနယ်စပ်ဂိတ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် နည်းပညာနှင့် လိုအပ်ချက်များ မျှဝေပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဝင်/ထွက်မှု မရှိစေရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် Online ဂိမ်းလောင်းကစားမှုများ မရှိစေရေး၊ နှစ်နိုင်ငံနယ်စပ်တွင် လက်ရှိဖြစ်ပွားနေသည့် အကြမ်းဖက်တိုက်ခိုက်မှုများအပေါ် အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စများအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီးနှင့်အတူ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူး Mr.OUYANG Daobing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၃၁ ရက်တွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် တရုတ်နိုင်ငံမှ အောင်ဆန်းအားကစားကွင်းအသစ် ပြန်လည်တည်ဆောက်ရေးအတွက် လာရောက်လေ့လာသည့် အင်ဂျင်နီယာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံပွဲသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးသံမှူးတို့တွေ့ဆုံ၍ တရုတ်နိုင်ငံမှ အောင်ဆန်းအားကစားကွင်းအသစ် ပြန်လည်တည်ဆောက်ရေးအတွက် လာရောက်လေ့လာသည့် အင်ဂျင်နီယာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-ရုရှား ခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားတက်ရောက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ-ရုရှားခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip-FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့သည့် ခရီးစဉ်တွင် လိုက်ပါခဲ့ကြသော ရုရှားခရီးသွားကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို အောက်တိုဘာလ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ Chatrium Hotel Royal Lake Yangon ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးဗီဒီယိုကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင်-

- ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စေရေးအတွက် Welcome Russia Program in Myanmar အစီအစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း။
- ယခုအစီအစဉ်တွင် လိုက်ပါခဲ့ကြသည့် ကိုယ်စားလှယ်များအနေဖြင့် မန္တလေး၊ ပုဂံ၊ ရန်ကုန်၊ ကော့သောင်း၊ ငပလီ၊ ငွေဆောင်၊ အင်းလေးစသည့် ခရီးစဉ်ဒေသများကို သွားရောက်လည်ပတ်ခဲ့ကြပြီးဖြစ်၍ မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခဲ့ရသည့်အတွက် သဘောကျနှစ်သက်မည်ဟု ယုံကြည်ပါကြောင်း။
- ရုရှားနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် မြန်မာနိုင်ငံ၏ အလွန်လှပသည့် ရှုခင်းများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ဒေသခံများ၏ နေထိုင်မှုဘဝပုံစံများနှင့် ထူးခြားသည့် ယဉ်ကျေးမှုများကို ခံစားကြည့်ရှုခွင့်မရသေးသူများ သိရှိခံစားလိုစိတ်ဖြစ်ပေါ်လာအောင် သတင်းစကားများ၊ ဓါတ်ပုံများဖြင့် လူမှုကွန်ရက်မီဒီယာများမှတဆင့် ဖြန့်ဝေပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အမှာစကားများပြောကြားခဲ့ပြီး FAM Trip ခရီးစဉ် သွားရောက်လည်ပတ်ခဲ့ကြသည့် ခရီးသည်များကိုယ်စား ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်သည့် အတွေ့အကြုံများ ရှင်းလင်းတင်ပြကာ သိရှိလိုသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လိုင်စင်ရပြည်ပခရီးစဉ် ဆောင်ရွက်သူများ၊ သတင်းနှင့်ရုပ်သံဌာနတို့မှ ကိုယ်စားလှယ် (၄၃) ဦးနှင့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားကုမ္ပဏီ (၆၀) ကျော်မှ လုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၁၀-၂၀၂၃)**

- **မြန်မာ-ရုရှားခရီးသွားမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (Familiarization Trip-FAM Trip) အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဖိတ်ခေါ်ခဲ့သည့်ခရီးစဉ်တွင် လိုက်ပါခဲ့ကြသော ရုရှားခရီးသွားကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လိုင်စင်ရပြည်ပခရီးစဉ်ဆောင်ရွက်သူများ၊ သတင်းနှင့် ရုပ်သံဌာနတို့မှ ကိုယ်စားလှယ် (၄၃) ဦးနှင့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားကုမ္ပဏီ (၆၀) ကျော်မှ လုပ်ငန်းရှင်များတက်ရောက်ခဲ့ပြီး မြန်မာ-ရုရှားနှစ်နိုင်ငံ ခရီးသွားမြှင့်တင့်ရေးကိစ္စရပ်များဆွေးနွေးခဲ့။**

## မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ၏ ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာကိစ္စရပ်များအား ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အများပြည်သူသို့ အသိပညာပေးရေးဆောင်ရွက်မည့် အစီအစဉ်များနှင့် ငွေကြေးလိမ်လည်မှုများကို အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှု မြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့(Action Task Force) ဖွဲ့စည်းရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၃၁ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက-

- ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများနှင့်စပ်လျဉ်း၍ တားဆီးကာကွယ်ရန် သတင်းအချက်အလက်ရယူခြင်းနှင့် စစ်ဆေးဖော်ထုတ်အရေးယူခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်းများ (Standard Operation Procedure-SOP) အပေါ် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် အကောင်အထည်ဖော်လိုက်နာဆောင်ရွက်နိုင်ရေး၊
- ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းပြီး စနစ်

တကျဆောင်ရွက်နိုင်ရေးနှင့် ငွေကြေးလိမ်လည်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ မှာကြားခဲ့။

- အစည်းအဝေးတက်ရောက်သူများက ငွေကြေးလိမ်လည်မှုများ အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force) ဖွဲ့စည်းရေးနှင့် အဖွဲ့၏လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးလိမ်လည်မှုများတားဆီးအရေးယူမှုဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force) အနေဖြင့် ငွေကြေးလိမ်လည်မှုဖြစ်သည်နှင့်တစ်ပြိုင်တည်း ချက်ချင်းထိရောက်စွာ တားဆီးဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ အသိပညာပေးမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်သူလူထုတစ်ရပ်လုံးသိရှိနိုင်စေရန် ငွေကြေးလိမ်လည်မှုများကို ဖြစ်စဉ်တစ်ခုချင်းစီအလိုက်နမူနာထားပြီး ဝန်ဆောင်မှုပေးသူများ အစုအဖွဲ့၊ အသုံးပြုသူများအစုအဖွဲ့၊ ဥပဒေစည်းမျဉ်းထိန်းကျောင်းသူများအစုအဖွဲ့များက ရှင်းလင်းလွယ်ကူစွာ အသိပေးရန်လိုအပ်ကြောင်း ဆွေးနွေးအကြံပြုခဲ့။

ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၏ Onsite Team များမှ အရာထမ်းများနှင့်တွေ့ဆုံခဲ့ပြီး ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနရှိ အရာထမ်း/အမှုထမ်းများအနေဖြင့် ဗဟိုဘဏ်ဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်လိုကြောင်း၊ Onsite Examination Manual ပါ Risk-based Supervision နည်းလမ်းများ၊ Offsite မှရရှိသည့် သတင်းအချက်အလက်များနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာများအရ စစ်ဆေးပြီး စစ်ဆေးထားသည့် အစီရင်ခံစာများက ကြန့်ကြာမှုမရှိစေဘဲ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများကို ဖြန့်ဝေအသိပေးသွားရန် လိုအပ်ကြောင်းမှာကြားခဲ့သည်ဟု သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **ငွေကြေးလိမ်လည်မှုများ တားဆီးအရေးယူမှုဆိုင်ရာလုပ်ငန်းအဖွဲ့ (Action Task Force) အနေဖြင့် ငွေကြေးလိမ်လည်မှုဖြစ်သည်နှင့်တစ်ပြိုင်တည်း ချက်ချင်းထိရောက်စွာ တားဆီးဖော်ထုတ်အရေးယူဆောင်ရွက်နိုင်ရန်လိုအပ်။**
- **ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနရှိ အရာထမ်း/အမှုထမ်းများအနေဖြင့် ဗဟိုဘဏ်ဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်လိုအပ်။**
- **Onsite Examination Manual ပါ Risk-based Supervision နည်းလမ်းများ၊ Offsite မှရရှိသည့် သတင်းအချက်အလက်များနှင့် ပြင်ပစာရင်းစစ်အစီရင်ခံစာများအရ စစ်ဆေးပြီး စစ်ဆေးထားသည့် အစီရင်ခံစာများက ကြန့်ကြာမှုမရှိစေဘဲ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများကို ဖြန့်ဝေအသိပေးသွားရန်လိုအပ်။**

## တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် စတင်ထွက်ခွာ

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည် အောက်တိုဘာလ ၃၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်



လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပါသည်။

အလားတူ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင် ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပါသည်။

အဆိုပါဆေးရုံရေယာဉ်များတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ Ultrasound စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်းနှင့် ခွဲစိတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသပေးမှုများဆောင်ရွက်ရန်အတွက် လူနာ ၃၀ ဦးအထိ ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွား/မီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များ ပါဝင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)နှင့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများ၊ ကိုကိုးကျွန်းမြို့နယ်၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင် ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် စတင်ထွက်ခွာခဲ့။**
- **အဆိုပါဆေးရုံရေယာဉ်များတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်။**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၂၀ ရက်အထိ ခြောက်လကျော်ကာလအတွင်း ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ၇၉၈,၈၁၉ ဒသမ ၇၆၇ တန်နှင့် နယ်စပ်ကုန်သွယ်မှုမှ ၁၃၃,၇၅၈ ဒသမ ၀၉၈ တန် စုစုပေါင်း ၉၃၂,၅၇၇ ဒသမ ၈၆၅ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၇၈ ဒသမ ၄၂၈ သန်း ရရှိထား။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ နိုဝင်ဘာလအတွင်း သင်္ဘောလိုင်း ၁၅ လိုင်းမှ နိုင်ငံတကာကုန်တင်သင်္ဘောအစင်းရေ ၅၀ ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၂၀ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ၉၃၂,၅၇၇ ဒသမ ၈၆၅ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၇၈ ဒသမ ၄၂၈ သန်းရရှိထား။**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ-

- အောက်တိုဘာလ ၃၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ဒလမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၆ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၇ ဦးအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့။




လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများအား ပြန်လည်လက်ခံကြိုဆို၍ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် အောက်တိုဘာလ ၃၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၅၃၄ ဦးနှင့် အမျိုးသမီး ၁၅၃ ဦး၊ စုစုပေါင်း ၆၈၇ ဦး ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **ရန်ကုန်တိုင်းဒေသကြီးမှ PDF အဖွဲ့ဝင် ၇ ဦးအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့။**
- **အောက်တိုဘာလ ၃၁ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင်အမျိုးသား ၅၃၄ ဦးနှင့် အမျိုးသမီး ၁၅၃ ဦး၊ စုစုပေါင်း ၆၈၇ ဦးရှိပြီဖြစ်။**

## မြစ်ကြီးနား-ဗန်းမော် ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန် လုံခြုံရေးစခန်းအား KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်

KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် အောက်တိုဘာလ ၃၁ ရက်တွင် အများပြည်သူအသုံးပြုလျက်ရှိသော မြစ်ကြီးနား-ဗန်းမော် အဓိကဆက်သွယ်ရေး ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ကန်တော်ယန်တစ်ဝိုက်ရှိ လုံခြုံရေးအဖွဲ့အား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

KIA နှင့်ပူးပေါင်းအင်အားစုများသည် အောက်တိုဘာ ၆ ရက်တွင်လည်း အဆိုပါ လမ်းကြောင်းပေါ်ရှိ လဲလုံလမ်းကြောင်း လုံခြုံရေးစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့်




တပ်မတော်အနေဖြင့် သက်ဆိုင်ရာ Peace – Talk Creation Group (PCG) မှတစ်ဆင့် ဆက်သွယ်၍ အများပြည်သူအသုံးပြုသည့် အရေးကြီးသော ဆက်သွယ်ရေးလမ်းဖြစ်သောကြောင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခြင်းမပြုရန်နှင့် ထပ်မံ၍ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာပါက သည်းခံနိုင်စွမ်းကုန်ဆုံးပြီး သင့်လျော်သည့် တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှစ်ကြိမ်တိုင်တိုင် အသိပေးအကြောင်းကြားခဲ့ပါသည်။

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုကာ ငြိမ်းချမ်းရေးအတွက် အကြိမ်ကြိမ်ကမ်းလှမ်း၍ တတ်နိုင်သရွေ့ သည်းခံမှုများပြုလုပ်ခဲ့သော်လည်း KIA နှင့် ပူးပေါင်းအင်အားစုများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအကြမ်းဖက်အဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုများနှင့် အချိန်ကိုက် အခွင့်အရေးယူကာ အောက်တိုဘာလ ၃၁ ရက်တွင် တပ်မတော်၏ တပ်စုအဆင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသော ကန်တော်ယန်လုံခြုံရေးစခန်းအား သာလွန်အင်အား အများအပြားအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြစ်ကြီးနား-ဗန်းမော်သွား ဆက်သွယ်ရေးလမ်းကြောင်းအား ပိတ်ဆို့ထိန်းချုပ်ရန် ဆောင်ရွက်လာခဲ့ပါသည်။ ဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် အမာခံသတင်းပေးများ၏ တိကျစွာသတင်းပေးပို့ချက်အရ ကြိုတင်သိရှိထားသော KIA အဖွဲ့၏ လက်နက်ထုတ်လုပ်သည့် နေရာ၊ ခဲယမ်းနှင့် မိုင်းများ ထုတ်လုပ်သည့်နေရာများနှင့် သို့လှောင်သည့်နေရာများအား သင့်လျော်သည့် တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရသည်။

အဆိုပါနေရာသည် နယ်စပ်နှင့် နီးကပ်သည့်နေရာဖြစ်၍ အိမ်နီးချင်းနိုင်ငံသို့ မလွဲမသွေသာ ဆောင်ရွက်ရမည့်ကိစ္စရပ်အား ကြိုတင်အသိပေးဆောင်ရွက်ခဲ့ခြင်းအပြင် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကန့်သတ်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း ပြည်သူလူထုနှင့်ပတ်သက်၍ နှောက်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ထပ်မံဆောင်ရွက်လာပါက လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **KIA နှင့် ပူးပေါင်းအင်အားစုအဖွဲ့က မြစ်ကြီးနား-ဗန်းမော် ကားလမ်းမကြီးအား လုံခြုံရေးဆောင်ရွက်ပေးနေသည့် ကန်တော်ယန်လုံခြုံရေးစခန်းအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူ၍ ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်မှ အရာရှိ/ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့။**
- **တပ်မတော်အနေဖြင့် အမာခံသတင်းပေးများ၏ တိကျစွာသတင်းပေးပို့ချက်အရ ကြိုတင်သိရှိထားသော KIA အဖွဲ့၏ လက်နက်ထုတ်လုပ်သည့်နေရာ၊ ခဲယမ်းနှင့် မိုင်းများထုတ်လုပ်သည့်နေရာများနှင့် သိုလှောင်သည့်နေရာများအား သင့်လျော်သည့် တုံ့ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့။**
- **အဆိုပါနေရာသည် နယ်စပ်နှင့် နီးကပ်သည့်နေရာဖြစ်၍ အိမ်နီးချင်းနိုင်ငံသို့ မလွဲမသွေသာ ဆောင်ရွက်ရမည့် ကိစ္စရပ်အား ကြိုတင်အသိပေးဆောင်ရွက်ခဲ့ခြင်းအပြင် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကန့်သတ်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့။**

## ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်နေရာယူ၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် CNF ၊ CDF အမည်ခံ အကြမ်းဖက်သမားများအား တပ်မတော် စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး ထန်တလန်မြို့အား ပြန်လည်ထိန်းချုပ်



ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အလစ်အငိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ပြီး ထန်တလန်မြို့အတွင်းသို့ ဝင်ရောက်ကာ ငါနဲ့မတူ၊ ငါ့ရန်သူ ဟု သဘောထား၍ ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် နိုင်ငံပိုင်အဆောက်အဦများအား ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ ၎င်းအဆောက်အဦများကို အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လျက်ရှိသည့်



**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသားကျောင်းသူများ၏ စာသင်ဆောင်အတွင်း ကျူးကျော်ဝင်ရောက်ကာ အခိုင်အမာစခန်းပြုလုပ်ထားမှု**

CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားခဲ့ပြီးနောက် ထန်တလန်မြို့အား ရက်ပေါင်း ၉၀ ခန့်အကြာ အောက်တိုဘာ ၂၉ ရက်၊ သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မြို့လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်မတော်စစ်ကြောင်းနှင့် မြို့နယ်အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် သာလွန်အင်အားဖြင့် ထန်တလန်မြို့အား ဝင်ရောက်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတတ်နိုင်ဆုံး ကြံ့ကြံ့ခံခုခံသော်လည်း ရာသီဥတုအခြေအနေနှင့် နယ်မြေအခြေအနေအရ မြို့၏တောင်ဘက်အစွန်နေရာသို့ ခေတ္တဆုတ်ခွာခံစစ်ဆင်ခဲ့ရသည်။ အကြမ်းဖက်သမားများက မြို့ကိုထိန်းချုပ်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝိုင်းဝန်းပိတ်ဆို့လျက်သီးမြစ်ချောင်းကူးတံတားအထိ တဖြေးဖြေးခြိမ်းခြောက်လာခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဩဂုတ်လမှ စတင်ကာ ပထမအဆင့်အနေဖြင့် ဟားခါးမြို့မှ ၄ မိုင်ခန့်ကွာဝေးသည့် သီးမြစ်ချောင်းကူးတံတားအထိ ကနဦးခြေကုတ်ရယူတိုက်ခိုက်သိမ်းပိုက်၍လည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် သီးမြစ်ချောင်းကူးတံတားမှတစ်ဆင့် ထန်တလန်မြို့အဝင်နေရာထိလည်းကောင်း၊ တတိယအဆင့်အနေဖြင့် ထန်တလန်မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးရုံးနှင့် CB Bank နေရာအထိလည်းကောင်း၊ စတုတ္ထနှင့် နောက်ဆုံးအဆင့်အဖြစ် ထန်တလန်မြို့ဆေးရုံကုန်းနှင့် အခြေခံပညာအထက်တန်းကျောင်းတို့သို့လည်းကောင်း အဆင့်ဆင့်ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရပါသည်။

တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဌာနဆိုင်ရာအဆောက်အဦများတွင် အုတ်များစီ၍ ဘန်ကာသဖွယ်ပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများအား အပြင်းအထန် ပြန်လည်ပစ်ခတ်ခဲ့ပါသည်။ နီးစပ်ရာ ဦးဆောင်လှုပ်ရှားနေသည့် CNF ၊ CDF အဖွဲ့များမှ ဆိုင်ကယ်၊ ကားများဖြင့် အင်အားဖြည့်တင်းလျက် ပြန်လည်ပစ်ခတ်ခဲ့သည့်အပြင် ဒေသခံပြည်သူများကိုလည်း လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement-ROE) နှင့်အညီ တိကျစွာလိုက်နာပြီး အရပ်သားပြည်သူများ၊ မြို့တွင်းရှိ ဘာသာရေးအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် ဌာနဆိုင်ရာအဆောက်အဦများအား အတတ်နိုင်ဆုံး ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စနစ်တကျဆောင်ရွက်ခဲ့ရပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့မှုကြောင့် အောက်တိုဘာလ ၂၉ ရက်တွင် အကြမ်းဖက်သမားများသည် ထန်တလန်မြို့



**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်း အဆောက်အဦနံရံများအား ဖျက်ဆီး၍ သေနတ်ပစ်ပေါက်နှင့် မြေခွေးကျင်းများ ပြုလုပ်ထားမှု**

အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ပတ်ဝန်းကျင်တဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

CNF ၊ CDF အမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံ ၁၈ လက်နှင့် ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင်အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ပါသည်။

CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများသည် ထန်တလန်မြို့အတွင်းရှိ ဘာသာရေး အဆောက်အဦများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့် စီးပွားရေးလုပ်ငန်းရုံးများ အပါအဝင် အခိုင်အမာ လူနေအိမ်များတို့၏ ပရိဝုဏ်အတွင်း အုတ်စီဘန်ကာများ အခိုင်အမာတည်ဆောက်လျက် အဆင့်ဆင့်ခုခံခြင်း၊ စာသင်ခန်းများအတွင်းရှိ စာရေးခုံများကို အသုံးပြု၍ အုတ်များစီကာ ဘန်ကာသဖွယ် အခိုင်အမာစခန်း တည်ဆောက်ထား ခြင်းအပြင် မြို့နယ်ပြည်သူ့ဆေးရုံအတွင်း၌လည်း ဘန်ကာများပြုလုပ်၍ ခုခံခဲ့သည့် အနေအထားတို့ကို တွေ့ရှိခဲ့ရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထန်တလန်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် ထန်တလန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလားတူ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှ စတင်၍ KIA ၊ MNDAA ၊ TNLA ပူးပေါင်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် အရှေ့မြောက်ဒေသရှိ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ ကြူကုတ်၊ မုံးကိုး၊ ဖောင်းဆိုင် ဒေသများ၊ ကွမ်းလုံ၊ ချင်းရွှေဟော်နှင့် လောက်ကိုင် စသည့် နယ်စပ်ဒေသများသို့ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်နှောင့်ယှက်ပစ်ခတ်ခြင်းနှင့် အေးချမ်းစွာ စီးပွားရှာလျက် မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်း၊ နယ်စပ်ဒေသ ကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရေး စသည့် နိုင်ငံတော်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်အထိ အပြန်အလှန် ထိတွေ့တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၁၀-၂၀၂၃)**

**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့အတွင်းရှိ ဘာသာရေးအဆောက်အဦဖြစ်သော TBC ဘုရားကျောင်းဝန်းအတွင်း ဘန်ကာနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု**












## CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့အတွင်းရှိ ပြည်သူ့ဆေးရုံဝန်းအတွင်း ဘန်ကာနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု









**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့၊ ရဲစခန်းအဆောက်အဦအား ဖောက်ခွဲဖျက်ဆီးပြီး ဘန်ကာများ ပြုလုပ်ထားရှိမှု**



**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက သီတာကျေးရွာရှိတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားရှိမှု**



**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် သီတာကျေးရွာရှိတံတားအား တပ်မတော်က ပြန်လည်ပြင်ဆင်ပြီးစီးမှု**



**CNF ၊ CDF အမည်ခံအကြမ်းဖက်သမားများက ထန်တလန်မြို့ ပြည်သူ့ဆောက်လုပ်ရေးဝန်းအတွင်း ဘန်ကာများပြုလုပ်၍ ပစ်ခတ်ခဲ့သည့် နေရာနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှု**

- CNF ၊ CDF အကြမ်းဖက်သမားများသည် ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတတ်နိုင်ဆုံး ကြံ့ကြံ့ခံခုခံသော်လည်း ရာသီဥတုအခြေအနေနှင့် နယ်မြေအခြေအနေအရ မြို့၏တောင်ဘက်အစွန်နေရာသို့ ခေတ္တဆုတ်ခွာခံစစ်ဆင်ခဲ့ရ။
- တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး(Counter– Terrorism Operation)ကို အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ ထန်တလန်မြို့အား ရက်ပေါင်း ၉၀ ခန့်အကြာ အောက်တိုဘာ ၂၉ ရက်၊ သီတင်းကျွတ်လပြည့်နေ့တွင် အပြီးတိုင် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့။
- တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အကြမ်းဖက်သမားများအနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံနှင့် ဌာနဆိုင်ရာအဆောက်အဦများတွင် အုတ်များစီ၍ ဘန်ကာသဖွယ်ပြုလုပ်ပြီး တပ်မတော်စစ်ကြောင်းများအား အပြင်းအထန် ပြန်လည်ပစ်ခတ်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်ခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(Rules of Engagement-ROE) နှင့်အညီ တိကျစွာလိုက်နာပြီး ထိန်းထိန်းသိမ်းသိမ်းဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို စနစ်တကျဆောင်ရွက်ခဲ့။
- အကြမ်းဖက်သမားများနှင့် ထိတွေ့မှုများဖြစ်ပွားစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်မျိုးစုံ ၁၈ လက်နှင့် ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့။
- လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထန်တလန်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် ထန်တလန်မြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိ။

## TNLA အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် နမ့်ခမ်းမြို့၊ သာယာကုန်းရပ်ကွက်မှ ကလေးငယ် ၂ ဦး သေဆုံးပြီး ၁ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိ

တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း TNLA အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထုအား ကြောက်ရွံ့စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ အောက်တိုဘာလ ၂၇ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ့်ခမ်းမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

ထိုသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရှော့တိုက်ဒုံးများသည် သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၂ နှစ်နှင့် ၉ နှစ်အရွယ် အပြစ်မဲ့ကလေးငယ် ၂ ဦး သေဆုံးခဲ့ကာ အသက် ၄ နှစ်အရွယ် ကလေးငယ် ၁ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါ ဒဏ်ရာရရှိသည့် ကလေးငယ်အား နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၁၀-၂၀၂၃)**

- **TNLA အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သော ရှော့တိုက်ဒုံးများသည် နမ့်ခမ်းမြို့၊ သာယာကုန်းရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် ၁၂ နှစ်နှင့် ၉ နှစ် အရွယ် အပြစ်မဲ့ကလေးငယ် ၂ ဦး သေဆုံးခဲ့ကာ အသက် ၄ နှစ် အရွယ် ကလေးငယ် ၁ ဦး ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- အောက်တိုဘာလ ၂၅ ရက်မှ ၃၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၌ ၆ ဦး၊ စုစုပေါင်း ၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်ထိ စုစုပေါင်း ၁,၇၈၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၁၁-၂၀၂၃)**

- **အောက်တိုဘာလ ၂၅ ရက်မှ ၃၁ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၌ ၆ ဦး၊ စုစုပေါင်း ၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်ထိ စုစုပေါင်း ၁,၇၈၁ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**